ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၆၂ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက် )

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့
(National Volunteer Steering Unit) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ COVID-19 ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရန် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ် စသည်များကို အခကြေးငွေမယူဘဲ အသင်းအဖွဲ့တစ်ခု၊ လုပ်ငန်းစဉ်တစ်ရပ်၊ လိုအပ်သည့်အခြေအနေတစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ သတ်မှတ်တာဝန်ပိုင်းအရဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မိမိ၏ဆန္ဒအရ ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်သော "**စေတနာ့ဝန်ထမ်း Volunteer** " များကို စနစ်တကျ လေ့ကျင့်ပါဝင်စေရန် ရည်ရွယ်လျက် "**အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့**" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်များ<br>တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဈ) | တာဝန်ပေးအပ်သူ တစ်ဦး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများက ဦးဆောင်၍ အောက်ပါစာရင်းများကို ကွင်းဆင်းကောက်ယူပြီး တင်ပြနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်-

(၁) မြို့နယ်အလိုက် Quarantine Center များတွင် လက်ရှိဆောင်ရွက်နေသော Volunteer များ၏ စာရင်း၊

(၂) မြို့နယ်အလိုက် Quarantine Center များတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒပြုထားသော Volunteer များ၏ စာရင်း၊

(၃) မြို့နယ်အလိုက် Quarantine Center တစ်ခုချင်း၏ လိုအပ်ချက်များစာရင်း။ (ဥပမာ – နေရာထိုင်ခင်း၊ သောက်သုံးရေနှင့် အစားအစာ၊ ရေနှင့် မီလျှပ်စစ်ရမ်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်သန့်စင်ဆေးရည် စသော ရောဂါကာကွယ်ရေးသုံးပစ္စည်းများ၊ သွားလာပို့ဆောင်ရေးယာဉ်၊ အင်တာနက်ဝိုင်ဖိုင်စသည့် အခြားလိုအပ်ချက်များ)

(ခ) Volunteer များအတွက် ဘဏ္ဍာငွေရှာဖွေရေးနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်း၊

(ဂ) Volunteer များအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ရုံးခန်းနေရာ၊ လုပ်ငန်းတာဝန် / သတ်မှတ်တာဝန်ပြီးဆုံးပါက (Quarantine Center များတွင် (၃) ပတ်နေ (၁) ပတ်နား) အလှည့်ကျစနစ်ဖြင့် အနားယူနိုင်မည့်နေရာ (ဌာနဆိုင်ရာ ဧည့်ရိပ်သာများနှင့် အခြားသင့်လျော်သည့်နေရာ) များ စီစဉ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) Volunteer များအား အခမဲ့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ဆေးကုသပေးခြင်း၊ လိုအပ်သည့် လုံခြုံရေးအကာအကွယ်ပစ္စည်းနှင့် ဆေးဝါး (PPE ဝတ်စုံ၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်၊ လက်သန့်စင်ဆေးရည်၊ ဖြည့်စွက်အားဆေး) များ ဖြည့်ဆည်းပေးနိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) Volunteer များက ကူညီရေးတာဝန်ဖြင့် သွားလာရာတွင် သယ်ယူပို့ဆောင်နိုင်ရန် အတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ (ယာဉ် / စက်သုံးဆီ)

(စ) Volunteer များမှ ကူညီရေးတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ဘဏ္ဍာငွေလိုအပ်ချက်ရှိလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တောင်းခံသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) ပေးအပ်သော လုပ်ငန်းတာဝန်/ သတ်မှတ်ကာလပြီးမြောက်သည်အထိ တာဝန်ထမ်းဆောင်ပြီးသော Volunteer များကို အသိအမှတ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(ဈ) အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းနှင့် လိုအပ်ပါက ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

၃။ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့(National Volunteer Steering Unit) ၏ရုံးလုပ်ငန်းတာဝန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ ၁၁၂ (၁) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး ( ရုံး / ဌာနကြီးများအားလုံး )
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)

အဖွဲ့ဝင်များအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၂၅/၄/၂၀

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်သမ္မတရုံး